ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

သတ္တမနေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်**

**( ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက် )**

**[ တနင်္လာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ သတ္တမနေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့မှာ လွှတ်တော် အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့အစည်းအဝေးကို (၁၇၂)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၀.၁၀) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ် ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ သတ္တမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ခွင့်ပန်ကြားမှုကို ဖတ်ကြား တင်ပြပါမယ်။

ဦးအေး၊ မန္တလေး(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်ရီ၊ ဧရာဝတီ(၆)၊ ဥပဒေကြမ်း ကော်မတီ အစည်းအဝေး။ ဦးမြင့်ထွန်း၊ ပဲခူး(၁၀)၊ ၎င်းအတိုင်း။ ဦးစိုးမြင့်၊ မကွေး(၆)၊ ၎င်းအတိုင်း။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ၎င်းအတိုင်း။ ဦးဝင်းမောင်၊ မန္တလေး(၂)၊ ၎င်းအတိုင်း။ ဦးဟာရှိန်းဘွေ၊ ချင်း(၈)၊ ၎င်းအတိုင်း။ ဦးမိုးမြင့်၊ တနင်္သာရီ(၇)၊ ၎င်းအတိုင်း။ ဦးမောင်အေးထွန်း၊ ရခိုင်(၉)၊ ၎င်းအတိုင်း။ ဦးဖုန်းမြင့်အောင်၊ ရန်ကုန်(၃)၊ ၎င်းအတိုင်း။ ဦးကျော်ကျော်၊ ရခိုင်(၂)၊ ၎င်းအတိုင်း။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှသိန်း၊ မကွေး(၃)၊ ကျန်းမာရေး။ ဒေါက်တာဌေးဝင်း၊ ဧရာဝတီ (၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်သန်း၊ မကွေး(၁၀)၊ ကျန်းမာရေး။ ဒုတိယဗိုလ်မှူးကြီးမင်းသူ၊ တပ်မတော်၊ တာဝန်။ ဗိုလ်မှူးကျော်နေမော်၊ တပ်မတော်၊ တာဝန်။ ဦးတင်မောင်မြင့်၊ တနင်္သာရီ(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှစိုး၊ တနင်္သာရီ(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးထွန်းကျော်၊ ရှမ်း(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ဝင်း၊ တနင်္သာရီ(၄)၊ ကျန်းမာရေး။ ဦးဝိလ်ဆင်မိုး၊ ရှမ်း(၇)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးတိုးဝင်း၊ တနင်္သာရီ(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမန်းကံညွန့်၊ ကရင်(၂)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးစိုင်းသာစိန်၊ ကယား(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးညာဏ်လင်း၊ ရှမ်း(၁)၊ ကျန်းမာ ရေး။ ဦးရှုမောင်၊ ရှမ်း(၈)၊ ကျန်းမာရေး။ ဦးဌေးရယ်၊ ကယား(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြင့်လှိုင်၊ ရခိုင်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဌေးဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းစံမင်း၊ ရှမ်း (၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ ကျန်းမာရေး။ ဦးဇုန်လှယ်ထန်း၊ ချင်း(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောအေးမြိုင်၊ ကရင်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊

ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းမြမောင်၊ ကချင် (၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းသန့်ဇင်၊ ရှမ်း(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသိမ်းဆွေ၊ ဧရာဝတီ (၁၀)၊ ကျန်းမာရေး။ ဒေါက်တာဗညားအောင်မိုး၊ မွန်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးညိုထွန်း၊ ရခိုင်(၁၁)၊ ကျန်းမာရေးတို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသတ္တမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၁၅)ဦး၊ ယခင်ကခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂)ဦး၊ ယနေ့ခွင့် ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၄၃)ဖြစ် ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြ ချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ ယစ်မျိုး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးစိုင်းတင်အောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကော်မရှင်ပညာရှင်များနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကာယစိတ္တသုခနှစ်ဖြာနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးစိုင်းတင်အောင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ရဲ့ တာဝန်ပေးချက်အရ မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြား တင်ပြသွားမှာ ဖြစ်ပါတယ်။

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)/၂၀၁၅ - ၆၁၂

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်

၁။ ပြည်သူ့လွှတ်တော်က မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို (၁၆-၁၁-၂၀၁၅)ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များနှင့် (၂၄-၁၁-၂၀၁၅)ရက်နေ့တွင် ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲငယ် (၁)၊ (၂)၊ (၃)၊ (၄)၊ ပုဒ်မ ၁၁၊ ပုဒ်မ ၁၃၊ ပုဒ်မ ၃၀၊ ပုဒ်မခွဲ(၁)နှင့် ပုဒ်မ ၃၃ တို့တွင် မူးယစ်ဆေးဝါးနှင့် ဘိန်း၊ ဆေးခြောက်တို့နှင့် ပတ်သက်သော ပြဋ္ဌာန်းချက်များသည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့မှ (၂၇-၁-၁၉၉၃) ရက်နေ့ ပြဋ္ဌာန်းထားသော ဥပဒေအမှတ် (၁/၉၃)၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော

ဆေးဝါးများဆိုင်ရာ ဥပဒေတွင်ပြဋ္ဌာန်းပြီးဖြစ်သဖြင့် မလိုအပ်၍ ပယ်ဖျက်ထားခြင်း၊ ခေတ်ကာလနှင့် လျော်ညီသည့် ထောင်ဒဏ် ငွေဒဏ်များကို ပြင်ဆင်ထားခြင်းနှင့် အခြားပုဒ်မများကိုလည်း လိုအပ်ချက်နှင့်အညီ ပြင်ဆင်ထားခြင်းဖြစ်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များနှင့် အသစ်ဖြည့်စွက်ချက်များသည် ပိုမိုပြည့်စုံမှုရှိစေရန်အတွက် ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်ပါသဖြင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း ဆက်လက်အတည်ပြုသင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၄။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကိုဖော်ပြလက်မှတ်ရေးထိုးပြီး ၂-၁၂-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးတင်ယု(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးတင်ယု ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီကိုယ်စား ကုန်လမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာအား ဥပဒေကြမ်းကော်မတီကိုယ်စား အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၅- ၆၁၅

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်

၁။ ပြည်သူ့လွှတ်တော်က ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများ ဥပဒေကြမ်းကို (၁၉-၁၁-၂၀၁၅) ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့လာ ပါသည်။ ယင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များနှင့် (၂၄-၁၁-၂၀၁၅)ရက်နေ့တွင် ညှိနှိုင်းဆွေးနွေး ခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသည် ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေ၊ ၁၉၆၄ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆိုင်ရာနည်းဥပဒေများ၊ ၁၉၆၅ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများဆိုင်ရာ စည်းကမ်းဥပဒေများကို ကျင့်သုံးဆောင်ရွက်လျက်ရှိရာမှ ရေကြောင်းပို့ဆောင်ရေးကဏ္ဍကို ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ လွှဲပြောင်းပေးခဲ့ပြီး ဖြစ်ပါသည်။ ယင်းဥပဒေကြမ်းကို ရေကြောင်းပို့ဆောင်ရေးနှင့် ကုန်း လမ်း ပို့ဆောင်ရေးကဏ္ဍများကို သီးခြားစီခွဲခြားဆောင်ရွက်နိုင်ရန် နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများကို ခေတ်စနစ်နှင့်အညီ ဆောင်ရွက်နိုင် ရန် ရည်ရွယ်ရေးဆွဲပြီး လွှတ်တော်သို့ တင်သွင်းလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိ ရပါသည်။

(ခ) ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ဖြည့်စွက်ချက်များသည် ပိုမိုရှင်းလင်းပြည့်စုံသည့် ပြဋ္ဌာန်းချက်များဖြစ်ပါသဖြင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း ဆက်လက်အတည်ပြုသင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ကုန်းလမ်းသယ်ယူ ပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂-၁၂-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေကြမ်းကို ပြည်သူ့ လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရထားပို့ဆောင်ရေး လုပ်ငန်း ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဦးတင်ယု (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးတင်ယု ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာအား ဥပဒေကြမ်းကော်မတီ၏ကိုယ်စား အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေကြမ်းအပေါ်**
**စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/ အမ(ကော်မတီ-၁)၁/ ၂၀၁၅ -၆၁၄
ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်

၁။ ပြည်သူ့လွှတ်တော်က ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေကြမ်းကို (၁၉-၁၁-၂၀၁၅)ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များနှင့် (၂၄-၁၁-၂၀၁၅)ရက်နေ့တွင် ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည် -

(က) ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာမီးရထားသည် The Railways Act,(India Act IX of 1890)အား ပြောင်းလဲလာသော ခေတ်စနစ်နှင့်လျော်ညီမှုရှိစေရန် မူလဥပဒေကိုမှီငြမ်း၍ ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေကြမ်းကိုပြုစုရေးဆွဲ၍ လွှတ်တော်သို့တင်သွင်းလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ဤဥပဒေကြမ်းကို ခေတ်စနစ်နှင့်အညီ လိုက်လျောညီထွေ ဖြစ်စေရေးအတွက် လက်ရှိရထားပြေးဆွဲမှုများအတွက်သာမက ဆက်လက်တိုးချဲ့ အကောင်အထည်ဖော်မည့် ခေတ်မီကောင်းကင်ရထားလမ်းများ၊ မြေအောက်ရထားလမ်းများနှင့် နယ်စပ်ဖြတ်ကျော်ရထားလမ်းများအတွက်ပါ လွှမ်းခြုံနိုင်ရန်နှင့် နိုင်ငံပိုင် မြန်မာ့မီးရထားအပြင် ရထားပို့ဆောင်ရေးလုပ်ငန်းများ၊ ရထားလုပ်ငန်းနှင့် ဆက်စပ်လုပ်ကိုင်ဆောင်ရွက်နိုင်သော စီးပွားရေးလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍမှစနစ်တကျ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ယခုဥပဒေကြမ်းကို ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်းကိုလည်း လေ့လာတွေ့ရှိရပါသည်။

(ခ) ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ဖြည့်စွက်ချက်များသည် ပိုမိုရှင်းလင်းပြည့်စုံသည့် ပြင်ဆင်ချက်များဖြစ်ပါသဖြင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း ဆက်လက်အတည်ပြုသင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။**　　။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂-၁၂-၂၀၁၅ ရက်(ဗုဒ္ဓဟူးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ကုန်သွယ်ရေကြောင်း သွားလာရေးဆိုင်ရာ တူးမြောင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။**　　။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကုန်သွယ်ရေကြောင်းသွားလာရေးဆိုင်ရာ တူးမြောင်း ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ကုန်သွယ်ရေကြောင်း သွားလာရေးဆိုင်ရာ တူးမြောင်း ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးစိုင်းတင်အောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။**　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ကုန်သွယ်ရေကြောင်းသွားလာရေးဆိုင်ရာ တူမြောင်းဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာကို ကျွန်တော် ဦးစိုင်းတင်အောင်မှ ဆက်လက်ဖတ်ကြား တင်ပြသွားမှာ ဖြစ်ပါတယ်။

စာအမှတ်၊ ၁/အမ(ကော်မတီ-၁) ၁/ ၂၀၁၅-၆၁၃

ရက်စွဲ၊ ၂၀၁၅ ခုနှစ် ၊ နိုဝင်ဘာလ ၂၄ ရက်

၁။　ပြည်သူ့လွှတ်တော်က ကုန်သွယ်ရေကြောင်းသွားလာရေးဆိုင်ရာ တူးမြောင်းဥပဒေကြမ်းကို (၁၉-၁၁-၂၀၁၅) ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နိုင်ငံရေး၊

စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များနှင့် (၂၄-၁၁-၂၀၁၅)ရက်နေ့တွင် ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ကုန်သွယ်ရေကြောင်း သွားလာရေးဆိုင်ရာ တူးမြောင်းဥပဒေကြမ်းကို အခန်းပေါင်း(၁၂)ခန်း၊ ပုဒ်မပေါင်း ၈၂ ခုဖြင့် ၁၉၀၅ ခုနှစ်က ရေးဆွဲပြဋ္ဌာန်းခဲ့သော တူးမြောင်းအက်ဥပဒေ (The Canal Act)နှင့် ယှဉ်တွဲ၍ လေ့လာစိစစ်ခဲ့ပါသည်။ အဆိုပါ (The Canal Act)မှာ တူးမြောင်းမှ ရေကို စိုက်ပျိုးရေးအတွက် အသုံးချရေး၊ အများပြည်သူ သုံးစွဲရေး၊ ရေ အသုံးပြုခကောက်ခံရေး၊ တူးမြောင်းထိန်းသိမ်းရေး၊ တူးမြောင်းအတွင်း ရေယာဉ်များ သွားလာရေး၊ ကျေးလက်တူးမြောင်းများ၊ ရေနုတ်မြောင်းများတူးဖော်ခြင်း၊ တူးမြောင်းကိုအသုံးပြု၍ ကုန်သွယ်မှုပြုလုပ်ခြင်းစသည့် ကဏ္ဍများကို ပြည့်စုံစွာ ထည့်သွင်းပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

၃။ ထို့ပြင် ယခုဥပဒေကြမ်း၏ အမည်မှာ ကုန်သွယ်ရေကြောင်းသွားလာရေးဆိုင်ရာတူးမြောင်းဥပဒေ ဖြစ်သဖြင့် ကုန်သွယ်ရေးအတွက် တူးမြောင်းကို အသုံးပြုခြင်းကို ဆိုလိုခြင်း၊ သို့တည်းမဟုတ် Canal Navigation ကို ဘာသာပြန်ထားခြင်း၊ တူးမြောင်း ဆိုသည့်စကားရပ်တွင် ရေကြောင်း ပါဝင်ပြီးဖြစ်သဖြင့် တူးမြောင်းကို အသုံးပြု၍ ကုန်သွယ်ခြင်းအစရှိသည့် အကြောင်းအချက်များအတွက် တိကျပြတ်သားမှု မရှိသဖြင့် ရှင်းလင်းသည့် အဓိပ္ပာယ်ပေါ်လွင်သော ဥပဒေအမည် ဖြစ်ရန်လိုအပ်ကြောင်းကိုလည်း လေ့လာတွေ့ရှိရပါသည်။

၄။ ဤဥပဒေကြမ်းကို ပြဋ္ဌာန်းပြီးသော်လည်း ပိုမိုပြည့်စုံမှုရှိသည့် မူလ (The Canal Act) သည်လည်း တည်ဆဲဥပဒေတစ်ရပ်အဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ပါသည်။ ဥပဒေကြမ်းအပိုဒ် ၂၂ တွင် ဤဥပဒေနှင့်သက်ဆိုင်သည့် ကိစ္စရပ်များကို ဤဥပဒေဖြင့်သာ အရေးယူဆောင်ရွက်ရမည်ဟု ဖော်ပြထားသဖြင့် ဥပဒေနှစ်ရပ်၏ ပြဋ္ဌာန်းချက်များ ဝိရောဓိဖြစ်နိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၅။ သို့ဖြစ်ပါ၍ ကုန်သွယ်ရေကြောင်း သွားလာရေးဆိုင်ရာ တူးမြောင်းဥပဒေကြမ်းကို အသစ်ရေးဆွဲပြဋ္ဌာန်းရန်မသင့်ကြောင်းနှင့် (The Canal Act)ကို အစားထိုးပြင်ဆင်ခြင်း သို့မဟုတ် (The Canal Act)ကို ခေတ်နှင့်လျော်ညီအောင် ပြန်လည်ပြင်ဆင်ရေးဆွဲသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ထိုသို့ အသစ်ပြန်လည်ရေးဆွဲရာတွင် ဤဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များကို တစ်ပါတည်းဖြည့်စွက်ရေးဆွဲနိုင် ကြောင်း လေ့လာတွေ့ရှိရပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၆။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များနှင့် အကျေအလည်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဖြစ်ပါ၍ ကုန်သွယ်ရေကြောင်းသွားလာရေးဆိုင်ရာ တူးမြောင်းဥပဒေကြမ်းကို လတ်တလော အတည်ပြုဆောင်ရွက်ခြင်း မပြုဘဲ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့နိုင်ရန်အတွက် အမျိုးသားလွှတ်တော်က အဆုံးအဖြတ်ပြုသင့်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ကုန်သွယ်ရေကြောင်း သွားလာရေးဆိုင်ရာ တူးမြောင်းဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ကုန်သွယ် ရေကြောင်းသွားလာရေးဆိုင်ရာ တူးမြောင်း ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်း ချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂-၁၂-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)ထက် နောက်မကျဘဲ အမျိုးသား လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ မီးပြတိုက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၃)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ မီးပြတိုက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် စတင် ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေ ကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ မီးပြတိုက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သား ကိုယ်စားလှယ်ကြီးများ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ မြန်မာနိုင်ငံ မီးပြတိုက် အက်ဥပဒေအပေါ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အမျိုးသားလွှတ်တော်ဥပဒေကြမ်း ကော်မတီရဲ့ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကော်မတီအတွင်းရေးမှူးဖြစ်တဲ့ ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုး ကနေ လွှတ်တော်ကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

စာအမှတ်၊ ၁/အမ(ကော်မတီ-၁) ၁/ ၂၀၁၅-၆၁၆

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်

၁။ ပြည်သူ့လွှတ်တော်က မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို နိုဝင်ဘာလ ၂၀ ရက်နေ့မှာ ပြင်ဆင်ချက်တွေနဲ့ သဘောတူအတည်ပြုပြီးတော့ အမျိုးသားလွှတ်တော်

ကိုပေးပို့လာပါတယ်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နိုင်ငံရေး၊ စီးပွားရေးနဲ့ ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များနဲ့ နိုဝင်ဘာလ ၂၄ ရက်နေ့မှာ ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံမီးပြတိုက်အကျဉ်းပြတိုက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါတို့ကိုတွေ့ရှိရပါတယ်။

(က) ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့ ဥပဒေကြမ်း အပိုဒ် ၂ ကို အောက်ပါအတိုင်း အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ် -

အစားထိုးပြင်ဆင်သင့်တဲ့ အပိုဒ် ၂ ကတော့

၂။ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည် -

(a) officer assigned duty by the Myanmar Port Authority means any officer assigned duty by the Myanmar Port Authority with the approval of the Ministry of Transport to levy the light-dues, expenses, costs and fines, and to perform the other duty under this Act.

(ခ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းအပိုဒ် ၇ ကို အောက်ပါအတိုင်း အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

၇။ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

**Superintendence and management**

6. The superintendence and management of general lighthouses shall vest in the Ministry of Transport with the power to make arrangements it thinks fit, by contract or otherwise, and it may discharge this responsibility through the Myanmar Port Authority.

(ဂ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းအပိုဒ် ၈ ကို အောက်ပါအတိုင်း အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

၈။ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေ ပုဒ်မ ၉၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၁၁နှင့် ပုဒ်မ၁၄ တို့၌ ပါရှိသော Customs—Collector ဆိုသည့်စကားရပ်ကို officer assigned duty by the Myanmar Port Authority with the approval of the Ministry of Transport ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းအပိုဒ် ၉ ကို အောက်ပါအတိုင်း အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

၉။ မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေ ပုဒ်မ ၁၀ ပုဒ်မခွဲ (၃) ကို အောက်ပါ အတိုင်း အစားထိုးရမည် -

(3) If any person refuses or neglects to produce any register or other papers or otherwise to satisfy the officer as to the true tonnage of any ship when required to do so under this section, such person shall be liable to pay the expenses of the measurement of the ship and of the ascertainment of the tonnage. Such person shall, on the reasonable ground of willful commission, further be liable to pay a fine from a minimum of fifty thousand to a maximum of one hundred thousand kyats, under the order passed by the Master Attendant or any officer with the approval of the Chief Executive Officer of the Myanmar Port Authority.

(င) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၁၁ ကို အောက်ပါ အတိုင်း အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်-

၁၁။ မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုး ရမည် -

**Determination of disputes as to liability for payment**

13. If any dispute arises as to whether light-dues, expenses or costs are payable in respect of any ship under this Part of this Act, or as to the amount of such dues,expenses or costs, the dispute shall, on application made in this behalf by either of the disputing parties, be heard and determined by the Master Attendant or any officer assigned duty by the Myanmar Port Authority with the approval of the Chief Executive Officer of the Myanmar Port Authority, and such decision shall be final.

(စ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းအပိုဒ် ၁၂ ကို အောက်ပါအတိုင်း အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်-

၁၂။ မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေပုဒ်မ ၁၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

**Penalty for evading payment of Light-dues**

15. (1) If the owner or master of a ship willfully evades or attempts to evade the payment of any light-dues, expenses or costs payable in respect of the ship under this Part of this Act, such person shall, on the maximum of five times the amount of the sum payable, under the order passed by the Master reasonable ground of willful commission, be liable to pay a fine from a minimum of three times to a Attendant or any officer with the approval of the Chief Executive Officer of the Myanmar Port Authority.

(ဆ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းအပိုဒ် ၁၆ ကိုအောက်ပါအတိုင်း အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်-

၁၆။ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေ၏ ဇယားကို အောက်ပါဇယားဖြင့် အစားထိုးရမည် -

SCHEDULE

**(1)** Lighthouse : -

(a) Kyauk Phyu Kyun Island.

(b) Meepya Kyun (Dawei) Island.

(c) Malisoon Island.

(d) Kalwin.

(e) Myeik Seik Kan Thar.

(f) Palaw Palin.

(g) Kyaik Kha Mi Island.

(h) Kyun Nyi Naung Island.

(i) May Yu Island

(j) Sittwe.

(k) Myae Pon Island.

(l) Thantar Island.

(m) Paung Net Gyi Island

(n) Man Aung Island.

(o) Man Aung Chaung Wa

(p) Kyauk Ne Maw.

(q) Sin Gaung Island.

(r) Ohn Ta Bin Island.

(s) Lone Thar.

(t) Nan Thar Kyun Island

(u) Thante.

(v) Mingalar Island

(w) Pathein Reef.

(x) Thamee Hla Island.

(y) Chaung Gyi.

(z) Pyi Taw Thar.

(2) Any other lighthouse in the Republic of the Union of Myanmar which the Ministry of Transport may declare to be a general lighthouse.

၃။ ပြည်သူ့လွှတ်တော်၏ ကျန်ပြင်ဆင်ချက်များနှင့် အသစ်ဖြည့်စွက်ချက်များသည် ပိုမို ပြည့်စုံမှုရှိ စေရန်အတွက် ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်ပါသဖြင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း ဆက်လက်အတည်ပြုသင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၄။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ မီးပြတိုက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ မီးပြတိုက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂-၁၂-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဗိုလ်မှူးချုပ် ကျော်ကျော်စိုး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်ကျော်ကျော်စိုး အနေနဲ့ မြန်မာနိုင်ငံသား ရင်းနှီး

မြှုပ်နှံမှု အက်ဥပဒေ ကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာကို ကော်မတီရဲ့ တာဝန်ပေးချက် အရ ဖတ်ကြားတင်သွင်း သွားမှာဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်**
**ဥပဒေကြမ်းအပေါ် စီစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၅-၆၁၇

ရက်စွဲ ၊ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်

၁။　　ပြည်သူ့လွှတ်တော်က မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို (၂၃ -၁၁ -၂၀၁၅)ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် သဘောတူပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီသည် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များနှင့် (၂၄-၁၁-၂၀၁၅) ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်များ**

၂။　　မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ လုပ်ပိုင်ခွင့် ခွဲဝေပေးနိုင်သည့် အခွင့်အာဏာနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များကို ပြင်ဆင်ထည့်သွင်းရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို စိစစ်ခွင့်ပြုပေးနိုင်ပါက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုမြန်ဆန်သွက်လက်စွာ ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများ ရရှိနိုင်စေရန်၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေး ရည်မှန်းချက်တစ်ခုဖြစ်သည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များ အချိုးကျမျှတစွာတိုးတက်စေရန် အစရှိသည့်ရည်ရွယ်ချက်များဖြင့် လွှတ်တော်သို့တင်သွင်းလာခြင်း ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။　　ပြည်သူ့လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များသည် ပိုမိုရှင်းလင်း ပြည့်စုံသည့် ပြဋ္ဌာန်းချက်များဖြစ်ပါသဖြင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း ဆက်လက်အတည်ပြုသင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၄။　　သို့ဖြစ်ပါ၍ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုဆောင်ရွက်ပေးပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂-၁၂-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန် ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသား လွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဗိုလ်မှူးချုပ် ကျော်ကျော်စိုး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး၊ ကျွန်တော် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် ကျော်ကျော်စိုး အနေနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းကိုပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**

**နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းအပေါ်**

**စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၅-၆၁၈

ရက်စွဲ ၊ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်

၁။ ပြည်သူ့လွှတ်တော်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို (၂၃ - ၁၁ -၂၀၁၅)ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့်သဘောတူပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီသည် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များနှင့်(၂၄- ၁၁-၂၀၁၅) ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်များ**

၂။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ လုပ်ပိုင်ခွင့် ခွဲဝေပေးနိုင်သည့် အခွင့်အာဏာနှင့် စပ်လျဉ်းသည့်ပြဋ္ဌာန်းချက်များပြင်ဆင်ထည့်သွင်းရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို စိစစ်ခွင့်ပြုပေးနိုင်ပါက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုလျင်မြန်သွက်လက်စွာ ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများရရှိနိုင်စေရန်၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းများကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးရည်မှန်းချက်တစ်ခုဖြစ်သည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များ အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရန် အစရှိသည့်ရည်ရွယ်ချက်များဖြင့် လွှတ်တော်သို့ တင်သွင်းလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များသည် ပိုမိုရှင်းလင်းပြည့်စုံသည့် ပြဋ္ဌာန်းချက်များ ဖြစ်ပါသဖြင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း ဆက်လက်အတည်ပြုသင့်ပါ ကြောင်း လေ့လာတွေ့ရှိရပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၄။ သို့ဖြစ်ပါ၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂-၁၂-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အစိုးရ အောင်ဘာလေထီ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အစိုးရအောင်ဘာလေထီ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား တင်သွင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဦးဝင်းနိုင်ရှိန် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစိုးရအောင်ဘာလေထီ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကျွန်တော် ဥပဒေကြမ်းကော်မတီဝင် ဦးဝင်းနိုင်ရှိန် မှ ဖတ်ကြားအစီရင်ခံ မှာ ဖြစ်ပါတယ်။

### အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ အစိုးရအောင်ဘာလေထီဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၅-၆၁၀
ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်

၁။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အစိုးရအောင်ဘာလေထီ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ (၁၇-၁၁-၂၀၁၅) ရက်နေ့တွင် အစီရင်ခံစာတင်သွင်းခဲ့ပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး က (၂၃-၁၁-၂၀၁၅) ရက်နေ့တွင် ဆွေးနွေးခဲ့ပါသည်။ ယင်းဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များနှင့် (၂၃-၁၁-၂၀၁၅)ရက်နေ့တွင် တွေ့ဆုံညှိနှိုင်း ဆွေးနွေးခဲ့ကြပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အစိုးရအောင်ဘာလေထီ ဥပဒေကြမ်း ကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) အစိုးရအောင်ဘာလေထီသည် ဘဏ္ဍာရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲဆောင်ရွက် လျက်ရှိပြီး ရောင်းရငွေ၏ (၄၀)ရာခိုင်နှုန်းကို နိုင်ငံတော်သို့ အခွန်အဖြစ် ပေးသွင်းရ သဖြင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းတစ်ရပ်အဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ

၁၀၀၊ ပုဒ်မခွဲ(ခ)နှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့သာ တင်သွင်းဆုံးဖြတ်ရမည့် ဥပဒေဖြစ်နေခြင်း၊ တည်ဆဲရာဇသတ်ကြီးနှင့် လောင်းကစားဥပဒေတို့ပါ ပြဋ္ဌာန်းချက်များနှင့် ဝိရောဓိ ဖြစ်နိုင်ခြင်း၊ ထီလက်မှတ် ဈေးနှုန်းကို ကန့်သတ်ခြင်းသည် ဝယ်လိုအားနှင့် ရောင်းလိုအားအပေါ် အခြေခံသည့် ဈေးကွက်စီးပွားရေးစနစ် မူဝါဒကို ဖောက်ဖျက်ရာ ရောက်နိုင်ခြင်း၊ ထီလက်ပွေ့ရောင်းချသူ အခြေခံ လူတန်းစားများအပေါ် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်ခြင်းစသည့် အကျိုးသက်ရောက်မှုများ ရှိနေကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) ဤဥပဒေကြမ်းတွင် Electronic ထီလုပ်ငန်းကို ပြည်တွင်းပြည်ပ ကုမ္ပဏီ သို့မဟုတ် ပုဂ္ဂလိကအား အစုစပ်လုပ်ငန်းဖြင့် အကျိုးတူပူးပေါင်း၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုထားရာ နိုင်ငံတော်ကသာ ဆောင်ရွက်သင့်သည့် အခွန်ဘဏ္ဍာငွေ ဖြစ်သဖြင့် လက်ရှိအခြေအနေတွင် ဆောင်ရွက်ရန်မသင့်ခြင်း၊ နိုင်ငံသားအများစုနှင့် ကျွမ်းဝင်ခြင်းမရှိသော စနစ်မျိုး ဖြစ်နေခြင်းတို့ကိုလည်း လေ့လာတွေ့ရှိရပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အကျေအလည် ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဖြစ်ပါ၍ အစိုးရအောင်ဘာလေထီ ဥပဒေကြမ်းကို လတ်တလော အတည်ပြု ဆောင်ရွက်ခြင်းမပြုဘဲ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့နိုင်ရန်အတွက် အမျိုးသားလွှတ်တော်က အဆုံးအဖြတ်ပြုသင့်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အစိုးရအောင်ဘာလေထီ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီ၏ စိစစ်တင်ပြသည့် အစီရင်ခံစာအပေါ် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အစိုးရအောင်ဘာလေထီ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ယင်းဥပဒေကြမ်းကို ဆွေးနွေးခဲ့သည့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး၊ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင်မှ ပညာရှင်များနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ပြီး ဖြစ်ပါသည်။

ယင်းသို့ တွေ့ဆုံညှိနှိုင်းဆွေးနွေးချက်အရ အစိုးရအောင်ဘာလေထီ ဥပဒေကြမ်းကို လတ်တလော အတည်ပြုဆောင်ရွက်ရန် မသင့်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ပြည်သူ့လွှတ်တော်သို့ ပြန်လည် ပေးပို့နိုင်ရေးအတွက် အမျိုးသားလွှတ်တော်က အဆုံးအဖြတ် ပြုသင့်ပါကြောင်း အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက တင်ပြလာပါတယ်။ သို့ဖြစ်ပါ၍ ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို လွှတ်တော်က သဘောထားရယူမှာ ဖြစ်ပါတယ်။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အစိုးရအောင်ဘာလေထီ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော် သို့ ပြန်လည်ပေးပို့မည် ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီ၏ စိစစ်တင်ပြသည့် အစီရင်ခံစာအပေါ် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၂၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရေနံလက်ယက်တွင်း ဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာထားသော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားသူမရှိပါ။

အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များ၊ မြန်မာနိုင်ငံပွင့်လင်းမြင်သာမှုနှင့်၊ တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ အရပ်ဘက်မဟာမိတ်အဖွဲ့၊ စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆွေးနွေးရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေနှင့်အညီ ပြင်ဆင်ရေးဆွဲရန် လိုအပ်ပါသဖြင့် ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းကို လတ်တလော အတည်ပြုဆောင်ရွက်ရန် မသင့်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့ရန် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက တင်ပြ လာပါတယ်။

သို့ဖြစ်ပါ၍ ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြင်ဆင်ရေးဆွဲရန် လိုအပ်ပါသဖြင့် ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့မည်ဖြစ်ကြောင်း ဥပဒေကြမ်း ကော်မတီ၏ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။

ဒီ တင်ပြချက်ကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းကို ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ပြင်ဆင်ရေးဆွဲရန် ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့မည် ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က အကျဉ်းထောင်များ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား တင်သွင်းခြင်း**

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၂၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အကျဉ်းထောင်များ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည် ဖတ်ကြား တင်သွင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၄။**

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲမင်္ဂလာပါခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီရဲ့ အကျဉ်းထောင်များ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဥပဒေကြမ်း ကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုး ကနေ ဆက်လက်တင်ပြသွားပါမယ်။

စာအမှတ်၊ ၁/အမ (ကော်မတီ-၁) /၂၀၁၅-၆၀၇

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်

၁။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အကျဉ်းထောင်များ ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်၌ ဇူလိုင်လ ၁၅ ရက်နေ့မှာ ရက်နေ့မှာ အစီရင်ခံစာ တင်သွင်းခဲ့ပါတယ်။ ယင်း ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၃)မှ ဦးဖုန်းမြင့်အောင်နှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျံလွင် တို့က ၂၁-၇-၂၀၁၅ ရက်နေ့မှာ ဆွေးနွေးခဲ့ကြပါတယ်။ ယင်းဆွေးနွေးချက်တွေနဲ့ စပ်လျဉ်းပြီးတော့ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်း ကော်မတီသည် ဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များနှင့် ၂၄-၁၁-၂၀၁၅ ရက်နေ့မှာ တွေ့ဆုံညှိနှိုင်း ဆွေးနွေးခဲ့ကြပါတယ်။

**လေ့လာတွေ့ရှိချက်** များကို တင်ပြပါမယ်။

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အကျဉ်းထောင်များ ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) အကျဉ်းထောင်များ ဥပဒေကြမ်းသည် အကျဉ်းဦးစီးဌာနက လက်ရှိကိုင်တွယ် ကျင့်သုံး လျက်ရှိသော ၁၈၉၄ ခုနှစ်၊ အကျဉ်းထောင်များအက်ဥပဒေ၊ ၁၉၀၀ ပြည့်နှစ်၊ အကျဉ်း သားများအက်ဥပဒေ၊ ၁၉၂၀ ပြည့်နှစ်၊ အကျဉ်းသားများ စိစစ်မှတ်ပုံတင်ရေး အက် ဥပဒေများကို ပေါင်းစပ်၍ ခေတ်စနစ်နှင့် ကိုက်ညီစေရန်၊ ရပ်ရွာအေးချမ်း သာယာ ရေးနှင့် တရားဥပဒေစိုးမိုးရေး၊ မှုခင်းထပ်မံမကျူးလွန်စေရန် ကာကွယ်ရေးတို့အတွက် အဓိကရည်ရွယ်၍ ပြည်ထဲရေးဝန်ကြီးဌာနက လွှတ်တော်သို့ တင်သွင်းလာခြင်း ဖြစ်ကြောင်း လေ့လာတွေ့ ရှိရပါတယ်။

(ခ) အကျဉ်းဦးစီးဌာနအနေနဲ့ အကျဉ်းသားများကို ပြစ်ဒဏ်ပေး အကျဉ်းချထားရန် သက်သက်မဟုတ်ဘဲ စာရိတ္တပြုပြင်ရေး ရည်ရွယ်ချက် (Correctional Concept) ဖြင့် ပြုပြင်ပြောင်းလဲဆောင်ရွက်ပေးနေခြင်းဖြစ်ရာ သာမန်ပြစ်ဒဏ်ကျ အကျဉ်းသားများကိုအလွန်ကြမ်းကြုတ်ရက်စက်သော ရာဇဝတ်မှုကြောင့်ပြစ်ဒဏ်ကျသည့် အကျဉ်းသားများနှင့် ထောင်တစ်ခုတည်း ထားရှိရသောအခါ အဆိုပါရည်ရွယ်ချက်ကို ပြည့်ဝစွာ အကောင်အထည် ဖော်နိုင်ခြင်းမရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ကြမ်းကြုတ်ရက်စက်သူများကို သံခြေချင်း၊ ဒေါက်များနှင့် ထားရှိရခြင်းမှာလည်း ပြုပြင်မှုရဲ့ သရုပ်ကို ပျက်စေပြီးတော့ ကြမ်းကြုတ်ရက်စက်သော ပြစ်ဒဏ်ကျ အကျဉ်းသားများအတွက် စည်းကမ်းနဲ့ လုံခြုံရေးတင်းကြပ်သော သီးခြားထောင်(Maximum Security Prison) မျိုးအဖြစ် ထောင်အဆင့်အတန်းများကို အဆင့်အတန်းအသီးသီး ခွဲခြားထားရှိရန် လိုအပ်မည် ဖြစ်ကြောင်းလည်း လေ့လာတွေ့ရှိရပါတယ်။

(ဂ) စာရိတ္တပြုပြင်ရေးနှင့် သက်မွေးပညာ သင်ကြားလေ့ကျင့်ပေးမှု အစီအစဉ်များ ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ညှိနှိုင်းပြီးတော့ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ လက်မှတ်များ ထုတ်ပေးနိုင်တဲ့ အထိ အတတ်ပညာလေ့ကျင့်ရေးစခန်းများလည်း ထူထောင်ထားရှိရန်လိုအပ်ကြောင်းကိုလည်း လေ့လာတွေ့ရှိရပါတယ်။

(ဃ) အကျဉ်းဦးစီးဌာနရဲ့ ဝန်ထမ်းဖွဲ့စည်းပုံကို စံကိုက်ဖွဲ့စည်းပြီးတော့ ပြစ်ဒဏ်ကျ အကျဉ်းသားအချင်းချင်း ပြန်လည်အုပ်ချုပ်စေတဲ့ စနစ်များကိုလည်း အပြီးတိုင် ဖျက်သိမ်းပစ်ဖို့ လိုအပ် ကြောင်း လေ့လာတွေ့ရှိရပါတယ်။

(င) အထက်ပါလေ့လာတွေ့ရှိချက်များအရ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ မှုခင်းထပ်မံမကျူးလွန်စေရန် နဲ့ ကာကွယ်ရေးတို့သာမက စာရိတ္တပြုပြင်ပြောင်းလဲရေး (Correctional Approach)နှင့် ကောင်းမွန်သော အမူအကျင့်ပိုင်းဆိုင်ရာ ပြောင်းလဲရေး(Behavioural Change)အစရှိသည့် အကြောင်းအချက်များ ပါဝင်တဲ့ စနစ်တကျပြည့်စုံသည့် ဥပဒေကြမ်းအသစ်တစ်ရပ်အဖြစ် ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းပြီးတော့ အသစ်ပြန်လည်ရေးဆွဲသင့်ပါကြောင်း လေ့လာတွေ့ရှိရပါတယ်။

**ကော်မတီရဲ့ သဘောထားမှတ်ချက်** ကို တင်ပြပါမယ်။

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အကျေအလည်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဖြစ်ပါ၍ အကျဉ်းထောင်များဥပဒေကြမ်းကို လတ်တလော အတည်ပြုဆောင်ရွက်ခြင်းမပြုဘဲ ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့နိုင်ရန်အတွက် အမျိုးသားလွှတ်တော်က အဆုံးအဖြတ်ပြုသင့်ပါကြောင်း လေးစားစွာ အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အကျဉ်းထောင်များ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြသည့် အစီရင်ခံစာအပေါ် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အကျဉ်းထောင်များဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ယင်းဥပဒေကြမ်းကို ဆွေးနွေးခဲ့သည့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးသိမ်းဆွေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်နှင့် ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင်၊ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များနှင့် ညှိနှိုင်းဆွေးနွေးရာတွင် စနစ်ကျပြည့်စုံသည့် ဥပဒေကြမ်း အသစ်တစ်ရပ်အဖြစ် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ညှိနှိုင်း၍ အသစ်ပြန်လည်ရေးဆွဲရန် လိုအပ်ပါသဖြင့် အကျဉ်းထောင်များ ဥပဒေကြမ်းကို လတ်တလော အတည်ပြုဆောင်ရွက်ရန် မသင့်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ရန် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက တင်ပြလာပါတယ်။

သို့ဖြစ်ပါ၍ အကျဉ်းထောင်များ ဥပဒေကြမ်းကို စနစ်ကျ ပြည့်စုံသည့် ဥပဒေကြမ်း အသစ်တစ်ရပ် ပြန်လည် ရေးဆွဲရေးအတွက် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့မည် ဖြစ်ကြောင်း ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။

ဒီ တင်ပြချက်ကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အကျဉ်းထောင်များ ဥပဒေကြမ်းကို စနစ်ကျ ပြည့်စုံသည့် ဥပဒေကြမ်း အသစ်တစ်ရပ် ပြန်လည်ရေးဆွဲရေးအတွက် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့မည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က လက်နက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၂၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လက်နက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီ က ပြန်လည် ဖတ်ကြား တင်သွင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၉။**

**ဗိုလ်မှူးကြီးခင်စိုး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက် လာသူများ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားအမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်ဗိုလ်မှူးကြီးခင်စိုး ဖြစ်ပြီးတော့ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့လက်နက်ဥပဒေကိုပြင်ဆင်တဲ့ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာကို ပြန်လည်ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

## လက်နက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၅- ၆၀၉
ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်

၁။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် လက်နက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၁၈-၁၁-၂၀၁၅ ရက်နေ့တွင် အစီရင်ခံစာ တင်သွင်းခဲ့ပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးရှုမောင်နှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် တို့က ၂၃-၁၁-၂၀၁၅ ရက်နေ့တွင် ဆွေးနွေးခဲ့ကြပါတယ်။ ယင်းဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂)ဦး၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင်မှ ပညာရှင်များနှင့် ၂၃-၁၁-၂၀၁၅ ရက်နေ့တွင် တွေ့ဆုံညှိနှိုင်း ဆွေးနွေးခဲ့ကြပါတယ်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် လက်နက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) လက်နက်အက်ဥပဒေ (The Arms Act XI,1878) သည် လွန်ခဲ့သည့် နှစ်ပေါင်း (၁၂၀)ကျော်က ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပြီး ၁၉၅၁ ခုနှစ်တွင် လက်နက်(ယာယီပြင်ဆင်ချက်) အက်ဥပဒေ [The Arms (Temporary Amendment) Act, Act L I,1951] ကိုလည်း သီးခြားပြဋ္ဌာန်းခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ ပြည်ထဲရေး ဝန်ကြီးဌာနက ၁၈၇၈ ခုနှစ်၊ လက်နက်အက်ဥပဒေကို လက်ရှိခေတ်အခြေအနေနှင့် ကိုက်ညီမှုမရှိတော့သည့် စကားလုံးအသုံးအနှုန်းတို့ကို ပြင်ဆင်ခြင်း၊ ငွေကြေးတန်ဖိုး ကွာဟမှုနှင့် ပြစ်မှုကျူးလွန်သူများအား ထိရောက်ဟန့်တားလောက်သည့် ပြစ်ဒဏ်များ ချမှတ်နိုင်ရန် ပြစ်မှုပြစ်ဒဏ်များ ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ပြီး ဤပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိ ရပါသည်။

(ခ) သို့ရာတွင် ခေတ်စနစ်နှင့် ကိုက်ညီသည့် လက်နက်၊ ခဲယမ်း အမျိုးအစားများကို တိကျပြည့်စုံစွာ ထည့်သွင်းဖော်ပြ သတ်မှတ်နိုင်ရန်နှင့် လက်နက်အမျိုးအစား အလိုက် အဆင့်အတန်း သတ်မှတ်ချက်များ၊ ဒေသသုံးလက်နက်များ၊ လက်နက်သဖွယ် အသုံး

ပြုနိုင်သည့် ကိရိယာတန်ဆာပလာများကို ထည့်သွင်းဖော်ပြရန် လိုအပ်ချက်များ ရှိနေသည်ကို လေ့လာတွေ့ရှိရပါသည်။

(ဂ) ပြည်ထဲရေးဝန်ကြီးဌာန အနေဖြင့် ကာကွယ်ရေးဝန်ကြီးဌာန အပါအဝင် လက်နက်နှင့် ပေါက်ကွဲစေတတ်သည့် ခဲယမ်းများကိုလည်း ကိုင်တွယ် အသုံးပြုလျက်ရှိသည့် သက်ဆိုင်ရာ ဝန်ကြီးဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်းကာ ခေတ်စနစ်နှင့် ကိုက်ညီ ပြည့်စုံသည့် ဥပဒေကြမ်းတစ်ရပ်အဖြစ် အသစ်ပြန်လည်ရေးဆွဲသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ရေးဆွဲခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၂)ဦး၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အကျေအလည် ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဖြစ်ပါ၍ လက်နက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လတ်တလော အတည်ပြုဆောင်ရွက်ခြင်းမပြုဘဲ အကျိုးအကြောင်းဖော်ပြ၍ ပြည်ထောင်စု လွှတ်တော်သို့ ပြန်လည်ပေးပို့နိုင်ပါရန်အတွက် အမျိုးသားလွှတ်တော်က အဆုံးအဖြတ်ပြုသင့်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လက်နက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီ၏ စိစစ်တင်ပြသည့် အစီရင်ခံစာအပေါ် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လက်နက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ယင်းဥပဒေကြမ်းကို ဆွေးနွေးခဲ့သည့် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးရှုမောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်၊ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင်မှ ပညာရှင်များနှင့် ညှိနှိုင်းဆွေးနွေးရာတွင် ခေတ်စနစ်နှင့် ကိုက်ညီ ပြည့်စုံသည့် ဥပဒေကြမ်း တစ်ရပ်အဖြစ် အသစ်ပြန်လည် ရေးဆွဲရန် လိုအပ်ပါသဖြင့် လက်နက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လတ်တလော အတည်ပြု ဆောင်ရွက်ရန် မသင့်ကြောင်းကို အကျိုးအကြောင်း ဖော်ပြ၍ ပြည်ထောင်စု လွှတ်တော်သို့ ပြန်လည်ပေးပို့ရန် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက တင်ပြလာပါတယ်။

သို့ဖြစ်ပါ၍ လက်နက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ခေတ်စနစ်နှင့် ကိုက်ညီ ပြည့်စုံသည့် ဥပဒေကြမ်း အသစ်တစ်ရပ် ပြန်လည်ရေးဆွဲရေးအတွက် ပြည်ထောင်စု လွှတ်တော်သို့ ပြန်လည်ပေးပို့မည် ဖြစ်ကြောင်း ဥပဒေကြမ်း ကော်မတီ၏ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူမှာ ဖြစ်ပါတယ်။

ဒီ တင်ပြချက်ကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် လက်နက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ခေတ်စနစ်နှင့်ကိုက်ညီပြည့်စုံသည့် ဥပဒေကြမ်းအသစ်တစ်ရပ် ပြန်လည်ရေးဆွဲရေးအတွက် ပြည်ထောင်စု လွှတ်တော်သို့ ပြန်လည်ပေးပို့မည် ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာ နှိပ်ကွပ်ရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၂၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည် ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၆။**

**ဦးဝင်းနိုင်ရှိန် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာ နှိပ်ကွပ်ရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါ တယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်**
**စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၅-၄၅၅
ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်

၁။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၂၂-၇-၂၀၁၅ ရက်နေ့တွင် အစီရင်ခံစာ တင်သွင်းခဲ့ပါတယ်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်က ၁၈-၁၁-၂၀၁၅ ရက်နေ့တွင် ဆွေးနွေးခဲ့ပါသည်။ ယင်းဆွေးနွေးချက် များနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ဆွေးနွေးခဲ့သည့် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှပညာရှင်များနှင့် ၂၄- ၁၁- ၂၀၁၅ ရက်နေ့တွင် တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေး အက်ဥပဒေသည် ၁၉၄၉ ခုနှစ်တွင် ပြည့်တန်ဆာပပျောက်ရေးအက်ဥပဒေ အက်ဥပဒေအမှတ်(၂၄/၁၉၄၉) အမည်ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ၁၉၅၆ ခုနှစ်၊ ပြည့်တန်ဆာပပျောက်ရေး(ပြင်ဆင်ချက်)အက်ဥပဒေ အက် ဥပဒေအမှတ်(၁၉/၁၉၅၆)၊ ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေ အမှတ်(၇/၁၉၉၈)တို့အဖြစ် (၂)ကြိမ် ပြင်ဆင်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ ပြည်ထဲရေးဝန်ကြီးဌာနက လက်ရှိခေတ် အခြေအနေတွင် တိုးတက်ဖြစ်ပေါ်နေသော လိင်မှတစ်ဆင့်ကူးစက်ရောဂါများ ပြန့်ပွားကူးစက်မှုအတွက် ကျန်းမာရေးနှင့် လူ့အခွင့်အရေးဆိုင်ရာရှုထောင့်များမှ ပြင်ဆင်ဖြည့်စွက်ရန် လိုအပ်ခြင်း၊ ခေတ်နှင့် မလျော်ညီသော စကားရပ်များ အသုံးအနှုန်းများကို ပြင်ဆင်ရန် လိုအပ်ခြင်းကြောင့် ဤပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) သို့ရာတွင် ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေ ဆိုသည့် ခေါင်းစဉ်သည် ခေတ်စနစ်နှင့် ညီညွတ်မှုမရှိတော့ကြောင်း လေ့လာတွေ့ရှိရပါသည်။ ပြည့်တန်ဆာများကို အရေးယူအပြစ်ပေးခြင်းသာမက ကျန်းမာရေးအသိပညာပေးခြင်း ပြုစုကုသစောင့်ရှောက်ခြင်း၊ လိင်မှတစ်ဆင့် ကူးစက်နိုင်သော ရောဂါများအတွက် အကာအကွယ်အစီအမံများ ဆောင်ရွက်ကျင့်သုံးစေခြင်း၊ စာရိတ္တပိုင်းဆိုင်ရာ အပြုအမူပြောင်းလဲမှုများအတွက် နှစ်သိမ့်ပညာပေးခြင်း၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းအစရှိသည့် အချက်အလက်များပါဝင်သည့် ဥပဒေအသစ်တစ်ရပ်ကို ပြည်ထဲရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့ အပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်းညှိနှိုင်းရေးဆွဲသင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အကျေအလည် ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဖြစ်ပါ၍ ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လတ်တလော အတည်ပြုဆောင်ရွက်ခြင်းမပြုဘဲ ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့နိုင်ရန်အတွက် အမျိုးသားလွှတ်တော်က အဆုံးအဖြတ်ပြုသင့်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာ နှိပ်ကွပ်ရေးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြသည့် အစီရင်ခံစာအပေါ် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၅၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာ နှိပ်ကွပ်ရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ယင်းဥပဒေကြမ်းကို ဆွေးနွေးခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်၊ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင်မှ ပညာရှင်များနှင့် ညှိနှိုင်းဆွေးနွေးရာတွင် ဥပဒေအသစ်တစ်ရပ် ပြန်လည်ရေးဆွဲရန်လိုအပ်ပါသဖြင့် ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လတ်တလော အတည်ပြုဆောင်ရွက်ရန် မသင့်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ရန် အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီက တင်ပြလာပါတယ်။

သို့ဖြစ်ပါ၍ ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဥပဒေ အသစ်တစ်ရပ် ပြန်လည်ရေးဆွဲရေးအတွက် ပြည်ထောင်စု လွှတ်တော်သို့ ပြန်လည်ပေးပို့မည် ဖြစ်ကြောင်း ဥပဒေကြမ်း ကော်မတီ၏ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။

ဒီ တင်ပြချက်ကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာ နှိပ်ကွပ်ရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဥပဒေအသစ်တစ်ရပ် ပြန်လည်ရေးဆွဲရေး အတွက် ပြည်ထောင်စု လွှတ်တော်သို့ ပြန်လည်ပေးပို့မည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ။** ။ ထပ်တိုး အစီအစဉ် အဆို (၁)ခု ရှိတဲ့အတွက် အစည်းအဝေးကို (၁၅)မိနစ် ခေတ္တ ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၀၂ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၁၇ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၇။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ ကချင်ပြည်နယ်၊ ဖားကန့်ဒေသတွင် မြေစာတောင် ပြို၍ လူရာချီ သေဆုံးမှုမျိုး ထပ်မံမဖြစ်ပွားရန်အတွက် ကြိုတင်ကာကွယ် စီမံဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၂၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန် က ကချင်ပြည်နယ်၊ ဖားကန့်ဒေသတွင် မြေစာတောင်ပြို၍ လူရာချီ သေဆုံးမှုမျိုး ထပ်မံမဖြစ်ပွားရန်အတွက် ကြိုတင်ကာကွယ် စီမံဆောင်ရွက်သွားရန်နှင့်စပ်လျဉ်းသည့် အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ဦးခက်ထိန်နန် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၆။**

**ဦးခက်ထိန်နန် (ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။** ။ ရိုသေလေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဂါရဝတရားရှေ့ထားပြီးတော့ ကချင်ပြည်နယ်၊ ဖားကန့်ဒေသတွင် မြေစာတောင်ပြို၍ လူရာချီ သေဆုံးမှုမျိုး ထပ်မံမဖြစ်ပွားရန်အတွက် ကြိုတင်ကာကွယ် စီမံဆောင်ရွက်သွားနိုင်ရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ ဖားကန့်ဒေသ၊ ကန်ခမ်းရွာအနီးတွင် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ(၂၁)ရက်နေ့ နံနက်စောစောအချိန်၌ မြေစာ တောင်ပြိုကျလာပြီးတော့ လူနေထိုင်တဲ့ တဲအိမ်ပေါင်း (၆၀)ဝန်းကျင် မြေစာပုံအောက်သို့ ရောက်ရှိသွားပြီးတော့ လူ(၂၀၀)ဝန်းကျင် ပျောက်ဆုံးလျှက်ရှိတဲ့အထဲမှ အလောင်း(၁၁၄)ယောက် ပြန်လည်ရှာဖွေတွေ့ရှိတဲ့ အဖြစ်အပျက်ကြောင့် အလွန်ဝမ်းနည်းကြောင်းဦးစွာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် အမျိုးသားလွှတ်တော်သို့ တင်ပြအပ်ပါတယ်။

ကျွန်တော် ဓာတ်ပုံများနဲ့တကွ Slide ထိုးပြီး တင်ပြသွားမှာ ဖြစ်ပါတယ်။ Slide ထိုးခွင့် ပြုနိုင်ပါရန် တောင်းခံအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာမှာ အခြားမည်သည့်နေရာတွေမှာ ထွက်ရှိခြင်း

မရှိဘဲ မြန်မာနိုင်ငံ ကချင်ပြည်နယ်၊ ဖားကန့်ဒေသမှာသာ ထွက်ရှိတဲ့ ကျောက်စိမ်းရတနာဟာ အင်မတန်မှ တန်ဖိုးရှိပြီးတော့ မြန်မာနိုင်ငံတော်အတွက် နိုင်ငံခြားငွေများစွာ ရှာဖွေပေးနေတာ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း ဒီကျောက်စိမ်းတူးဖော်ခြင်း၊ မြေစာပစ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းခြင်း၊ ဈေးကွက်သို့တင်ပို့ရောင်းချခြင်း လုပ်ငန်းများအဆင့်ဆင့်တွင် ဥပဒေ သက်ဝင်မှု အားနည်းနေတာကို တွေ့ရှိရပါတယ်။

ဒါကြောင့်မို့လို့ ရေမြေနဲ့ သဘာဝပတ်ဝန်းကျင်ဟာ တစ်နှစ်ပြီးတစ်နှစ် ယိုယွင်းပျက်စီးလာတာဟာ နှစ်ပေါင်း(၃၀)ကျော်(၄၀)ရောက်လာပြီဖြစ်ပါတယ်။ ယခုနောက်ပိုင်းဆို ကျောက်စိမ်းတူးဖော်ခြင်း၊ မြေစာသယ်ခြင်းတို့ကို အင်မတန်ကြီးမားတဲ့ စက်ယန္တရားကြီးများကို အသုံးပြုလာတဲ့အတွက် ရေမြေနဲ့ သဘာဝပတ်ဝန်းကျင်တွေကို တစ်ဆက်တစ်စပ်တည်း ထိန်းသိမ်းဆောင်ရွက်မှုများမှာ အင်မတန်မှ အားနည်းလာခဲ့ပါတယ်။ တစ်နေ့တစ်လုံး ရွှေဥ ဥပေးတဲ့ ငန်းကို တစ်ရက်တည်းနဲ့ သတ်လိုက်တော့မယ့် ပုံစံနဲ့ လုပ်နေကြသလို ခံစားရပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်ကို တန်ဖိုးထားလို့ နိုင်ငံကိုချစ်လို့ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လမှာ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်တွင် ကျောက်စိမ်း၊ ကျောက်မျက်များကို ရေရှည်စနစ်တကျ ထိန်းသိမ်းတူးဖော်ရေးအဆိုကို အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပါတယ်။ ကျောက်စိမ်းတူးဖော်ခြင်းကို ရေ၊ မြေနဲ့ သဘာဝပတ်ဝန်းကျင်ကို တစ်ဆက် တစ်စပ်တည်း ထိန်းသိမ်းရာနဲ့ သစ်ပင်များအစားထိုးစိုက်ပျိုးခြင်းကို ဆောင်ရွက်ရာ အမျိုးသားလွှတ်တော်မှာ ဆွေးနွေးပြီး အတည်ပြုနိုင်ခဲ့ပါတယ်။

ဒါပေမဲ့ လက်တွေ့အကောင်အထည်ဖော်မှုအပိုင်းမှာ အားနည်းခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလတွင်လည်း ဖားကန့်ဒေသမှာ တိုင်းရင်းသားတွေ၊ ဒေသခံတွေ ရေရှည်နေထိုင်ပြီး လုပ်ကိုင်စားသောက်ဖို့၊ နောင်အသုံးပြုလို့မရအောင် ပျက်စီးသွားတဲ့ မြေမျက်နှာပြင်အဖြစ်နဲ့ မကျန်ခဲ့ဖို့ အမျိုးသားလွှတ်တော်သို့ အဆိုတစ်ခုကို ထပ်မံတင်သွင်းခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီအချိန်မှာ ဖားကန့်ဒေသမှာ ပဋိပက္ခတွေ၊ တိုက်ပွဲတွေ တစ်နှစ်ကျော်ဖြစ်နေပြီး ကျောက်စိမ်းတူးဖော်ခြင်းကို နှစ်နှစ်နီးပါး ရပ်နားထားရတဲ့အချိန်ဖြစ်တဲ့အတွက် လွှတ်တော်မှာ ဆွေးနွေးတဲ့ အဆင့်ကိုတော့ မရောက်ခဲ့ပါဘူး။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ လွန်ခဲ့တဲ့ နိုဝင်ဘာ(၂၁)ရက်နေ့ မြေစာတောင်ပြိုလို့ ဖားကန့်ဒေသမှာ မြေစာတောင်တွေ၊ မြေစာပုံတွေနဲ့ လူနေတဲအိမ်တွေ ကုန်သွားတာမဟုတ်ပါဘူး။ မရှိတော့တာလည်း မဟုတ်ပါဘူး။ အခုဖြစ်နေတဲ့ နေရာမှာကိုက ဆက်ပြီး အန္တရာယ်ရှိနေပါသေးတယ်။ ၂၀၁၅ ခုနှစ်မှာ မြေပြိုတာ(၃၇)ကြိမ်ရှိတယ်လို့ သိရပါတယ်။ မနေ့ကလည်းပဲ ထပ်ပြိုလို့ တစ်ယောက်ဆုံးသွားတယ်ဆိုတာ ကြားသိရပါတယ်။ အခြားမြေစာတောင်တွေ၊ မြေစာပုံတွေ မြောက်များစွာ ရှိနေပါသေးတယ်။ အန္တရာယ်ရှိနေတဲ့ မြေစာတောင်အချို့ကို ဥပမာအနေနဲ့ တင်ပြလိုပါတယ်။ ဖားကန့်ဒေသ၊ နမ့်မော်ပေါက်ဝနဲ့ မျက်နှာချင်းဆိုင် ဥရုချောင်းရဲ့ မြောက်ဘက်၊ တောင်ရိုးနှစ်ခု ကြားမှာရှိတဲ့ မြေစာတောင်ဟာ အင်မတန်မှ မြင့်နေပါတယ်။ အက်ကြောင်းများလည်း သုံးခုလောက် ရှိနေပါတယ်။ မဝေးတဲ့နေရာမှာလည်း လူနေတဲအိမ်(၃၃)လုံး ရှိနေတယ်လို့ ကြားသိရပါတယ်။ လွန်ခဲ့တဲ့ (၉)လပိုင်းမှာ မြေစာပြိုတဲ့အတွက်ကြောင့် ဥရုချောင်းရေလမ်းကြောင်းလည်း (၅)ရက်ခန့်ပိတ်သွားတဲ့ အခြေအနေတွေလည်း ရှိခဲ့ပါတယ်။

နောက်တစ်နေရာကတော့ ဖားကန့်မြို့ ဆိတ်မူရွာအထွက်၊ ဝေ့ခါ၊ တာမခန်သွားတဲ့ လမ်းမှာ ရှိတဲ့ မော်ရှန်ရွာရဲ့အနောက်ဘက်ခြမ်းတွင် ဖြစ်ပါတယ်။ မြေစာတောင်ဟာ အင်မတန်မြင့်နေပြီး အန္တရာယ် ရှိတယ်လို့ ကြားသိရပါတယ်။ နောက်တစ်နေရာကတော့ ဖားကန့်ဒေသ၊ စဘော့သုံးရဲ့ မြေစာတောင်ဖြစ် ပါတယ်။ အဲဒီနေရာမှာလည်း အန္တရာယ်ရှိနေတယ်လို့ ကြားသိရပါတယ်။ ဒါတွေဟာ ဥပမာတချို့ကို တင်ပြခြင်းဖြစ်ပါတယ်။ ကျောက်စိမ်းတူးဖော်ခြင်း၊ မြေစာပစ်ခြင်းလုပ်ငန်းများကို အရင်းအနှီးများစွာဖြင့် ရာသီအချိန်နဲ့ လုပ်ကွက်သက်တမ်းကာလ၌ အချိန်လုပြီး လုပ်နေရတာ ဖြစ်တဲ့အတွက် ဆက်ပြီးတူးနေ ကြဦးမှာ ဖြစ်သလို မြေစာများကိုလည်း ဆက်ပြီးတော့ ပုံနေရဦးမှာ ဖြစ်ပါတယ်။ ယခုလို အဖြစ်အပျက်၊ အသေအပျောက်၊ အပျက်အစီးတွေ အနည်းနှင့်အများ ဆက်ပြီး ဖြစ်နေမယ့် အနေအထား ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ ကျောက်မျက်ဥပဒေသည်လည်း ပြည်သူကို ဗဟိုပြုတဲ့ ကဏ္ဍများကို ထည့်သွင်းဖို့ အခြေခံလူတန်းစား တိုင်းရင်းသားများ၊ ဒေသခံများကို ကာကွယ်ပေးတဲ့၊ ပါဝင်လုပ်ကိုင်နိုင်တဲ့ အခွင့်အလမ်းတွေကို အချိန်မီထည့်သွင်းရေးဆွဲဖို့ လိုအပ်လိမ့်မယ်လို့လည်းပဲ သုံးသပ်ရပါတယ်။ ဒီနေ့ဖားကန့်ဒေသမှာ တိုင်းရင်းသားပေါင်းစုံပါဝင်တဲ့ အခြေခံလူတန်းစား ရေမဆေး ကောက်တဲ့ ကျောက်သမားတွေနေထိုင်တဲ့ တဲအိမ်တွေ ထောင်နှင့်ချီပြီး ရှိနေပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် ကြိုတင်ကာကွယ်နိုင်ရန်အတွက် ကျွန်တော်တို့ နိုင်ငံကို နှစ်ပေါင်းများစွာမှာ နိုင်ငံခြားငွေများစွာ ရှာဖွေပေးတဲ့ ကျောက်စိမ်းတူးဖော်တဲ့ ဖားကန့်ဒေသမှာ နောက်နောင် ယခုကဲ့သို့ မြေစာတောင်တွေ၊ မြေစာပုံတွေ၊ ကမ်းပါးတွေ ပြိုကျပြီး လူတွေများစွာ သေဆုံးတဲ့ ကြေကွဲဖွယ်ရာအဖြစ်မျိုး ထပ်မံမဖြစ်အောင် အားလုံးဝိုင်းဝန်းပြီး အချိန်မဆွဲပဲ အရေးတကြီးအမြန်ဆုံး ကြိုတင် ကာကွယ်စီမံ စောင့်ရှောက်သွားနိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာဖြင့် တင်သွင်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

လူနေတဲအိမ်များ မြင်ကွင်းပုံ (က)



မြေစာတောင်များ ပြိုကျပျက်စီးပြီး ပိတ်ဆို့နေပုံ (က-၁)




ပိတ်ဆို့နေသော ချောင်း၏ မြင်ကွင်းပုံ (က-၂)




**အချိန်၊ ၁၁း၃၃။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် သူ ရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၃၃။**

**ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန် တင်သွင်းသော ကချင်ပြည်နယ် ဖားကန့်ဒေသတွင် မြေစာ တောင်ပြို၍ လူရာချီသေဆုံးမှုမျိုးထပ်မံမဖြစ်ပွားစေရန်အတွက် ကြိုတင်ကာကွယ်စီမံဆောင်ရွက်သွားရန် ပြည်ထောင်စု

အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ကျွန်တော် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆွေအောင် မှ ထောက်ခံပါတယ် ခင်ဗျား။

**အချိန်၊ ၁၁:၃၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးခက်ထိန်နန် တင်သွင်းတဲ့ အဆိုကို လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ကချင်ပြည်နယ်၊ ဖားကန့်ဒေသတွင် မြေစာတောင်ပြို၍ လူရာချီ သေဆုံးမှုမျိုး ထပ်မံမဖြစ်ပွားရန်အတွက် ကြိုတင်ကာကွယ် စီမံဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်း ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့် မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကိုလက်ခံဆွေးနွေးဖို့လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးခက်ထိန်နန် ရဲ့ အဆိုကို လက်ခံ ဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၁:၃၅။**

**ဥက္ကဋ္ဌ**။ ။ ဦးခက်ထိန်နန် တင်သွင်းတဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် သတ္တမနေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် အဋ္ဌမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁:၃၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေး သတ္တမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက် (အင်္ဂါနေ့) နံနက် ၁၀:၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၁၁:၃၅ နာရီအချိန်တွင် ရပ်နားပါသည်။]